# စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ နှင့် နှစ်ပတ်လည်အစီရင်ခံစာ

ဖက်(စ်)မြန်မာအင်ဗက်(စ်)မင့်(န်) ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ"၊ ၎င်း၏လက်အောက်ခံကုမ္ပဏီများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ နှင့် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ကြေညာလိုပါသည်။ နှစ်ပတ်လည်အစီရင်ခံစာတွင် ပါရှိသော ဘဏ္ဍာရေးအခြေအနေရှင်းတမ်းများ အား YSX ဝက်ဘ်ဆိုက်မှ တဆင့် ဝင်ရောက်ကြည့်ရှုနိုင်ပြီး http://fmi.com.mm/annual-reports တွင်လည်း ကြည့်ရှုနိုင်ပါသည်။

ဤကြေညာချက်တွင် ပါဝင်သော ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက် အပြင် ရှင်းလင်းတင်ပြချက်ကိုလည်း http://fmi.com.mm/presentations တွင် လည်းကြည့်ရှုနိုင်ပါသည်။

## အဓိကအရေးပါသော စာရင်းကိန်းဂဏန်းများ

### ကုမ္ပဏီအုပ်စုဝင်ငွေရှင်းတမ်းအကျဉ်းချုပ်

| (ကျပ် '၀၀၀) | ၂၀၁၆ ဘဏ္ဍာရေးနှစ် | ၂၀၁၅ ဘဏ္ဍာရေးနှစ် | ပြောင်းလဲမှု% |
|---|---|---|---|
| ဝင်ငွေ | ၁၁၀,၀၂၄,၂၈၂ | ၃၃,၃၁၈,၅၃၅ | ၂၃၀.၂% |
| ရောင်းရကုန်တန်ဖိုး | (၇၄,၉၃၁,၆၃၅) | (၂၀,၄၀၀,၇၆၀) | ၂၆၇% |
| အကြမ်းအမြတ် | ၃၅,၀၉၂,၆၄၇ | ၁၂,၉၁၇,၇၇၅ | ၁၇၁.၇% |
| အသုံးစရိတ် | (၃၆,၄၅၄,၁၅၉) | (၁၄,၆၃၀,၇၂၂) | ၁၄၉.၂% |
| အစုစပ်ကုမ္ပဏီများမှအမြတ် | ၃,၉၆၁,၀၅၈ | ၁၅,၄၅၂,၈၀၀ | (၇၄.၄%) |
| လုပ်ငန်းလည်ပတ်ခြင်းများမှအမြတ် | ၂,၅၉၉,၅၄၇ | ၁၃,၇၃၉,၈၅၃ | (၈၁.၁%) |
| လုပ်ငန်းလည်ပတ်ခြင်းမဟုတ်သော အမြတ် | ၇,၉၁၅,၈၈၇ | ၆၀,၄၉၀,၆၅၇ | (၈၆.၉%) |
| အခွန်မလျှာထားမီအမြတ် | ၁၀,၅၁၅,၄၃၄ | ၇၄,၂၃၀,၅၁၀ | ၈၅.၈% |
| ဝင်ငွေခွန် | (၁,၅၉၉,၃၈၈) | (၁,၁၀၇,၃၄၂) | ၄၄.၄% |
| အသားတင်အမြတ် | ၈,၉၁၆,၀၄၆ | ၇၃,၁၂၃,၁၆၈ | ၈၇.၈% |
| ရှယ်ယာတစ်စုဝင်ငွေ | ၄၀၇ | ၃,၈၁၁ | (၈၉.၃%) |

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (“၂၀၁၆ ဘဏ္ဍာရေးနှစ်”) အတွက် ကုမ္ပဏီအုပ်စု၏ ဝင်ငွေ ကျပ် ၁၁၀.၀ ဘီလီယံသည် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ကုန်ဆုံးသော ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် (“၂၀၁၅ ဘဏ္ဍာရေးနှစ်) တွင် မှတ်တမ်းတင်ခဲ့သော ကျပ် ၃၃.၃ ဘီလီယံတက် ပိုမိုများပြားပါသည်။

၂၀၁၅ ဘဏ္ဍာရေးတွင် ကုမ္ပဏီအုပ်စု၏ အဓိကကုမ္ပဏီခွဲ နှစ်ခုဖြစ်သည့် Yoma Bank Limited (“Yoma Bank”) နှင့် Pun Hlaing Siloam Hospital (“PHSH”) တို့သည် Yoma Bank အနေဖြင့် ၃ လတာကာလ အတွက် တစ်စုတစ်ပေါင်းတည်းဖြစ်လာခြင်း နှင့် PHSH အနေဖြင့် ၆ လတာကာလအတွက် တစ်စုတစ်ပေါင်းတည်း ဖြစ်လာခြင်းတို့ကြောင့် ထိုနှစ်၏တစ်စိတ်တစ်ပိုင်းကာလအားဖြင့်သာ တစ်စုတစ်ပေါင်းတည်း ဖြစ်ခဲ့ပါသည်။ အကျိုးရလာဒ်အနေဖြင့် ၎င်းကုမ္ပဏီများမှ ရရှိသောဝင်ငွေများကို ကုမ္ပဏီအုပ်စုဝင်ငွေအနေဖြင့် လည်းကောင်း၊ အစုစပ်ကုမ္ပဏီများရရှိသော အမြတ်ငွေအနေဖြင့်လည်းကောင်း စာရင်းဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ကုမ္ပဏီအုပ်စု ဝင်ငွေသည် ၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက လျော့နည်းသွားပါသည်။ယခုနှစ်တွင် Yoma Bank နှင့် PHSH တို့နှစ်ခုစလုံးသည် ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးအတွက် တစ်ပေါင်းတစ်စည်းစာရင်းတွင် ပါဝင်ခဲ့ခြင်းကြောင့် ကုမ္ပဏီအုပ်စုဝင်ငွေ ပိုမိုများပြားစေရန်မြှင့်တင်ပေးခဲ့ပါသည်။

၂၀၁၅ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်တို့တွင် ကုမ္ပဏီအုပ်စု၏ဖွဲ့စည်းပုံကွဲပြားခြားနားမှု အပြင် ကျွန်တော် တို့၏ လက်အောက်ခံကုမ္ပဏီခွဲများတွင် အမြတ်ငွေတိုးတက်ခဲ့မှုကြောင့် ဝင်ငွေများတွင် တိုးမြင့်လာခြင်းဖြစ် သည်။ ချေးငွေထုတ်ချေးမှုစာရင်းနှင့် အပ်နှံငွေတို့ပိုမိုကောင်းမွန်လာမှုကြောင့် Yoma Bankသည် ဝင်ငွေတိုးတက်မှုကောင်းမွန်ခဲ့ပါသည်။ ထိုအတောအတွင်း PHSH သည် လူနာဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ အခန်းဌားရမ်းခြင်း၊ ဆေးဝါးရောင်းချခြင်း၊ ဓာတ်ခွဲခန်း နှင့် ဓာတ်မှန်ရိုက်ခြင်း ဝန်ဆောင်မှု လိုက်လျောညီထွေ ဝင်ငွေတိုးတက်စေခဲ့ပါသည်။

၂၀၁၆ ဘဏ္ဍာရေးနှစ်ဝင်ငွေများအား အသေးစိတ်ကိန်းကဏန်းကွဲပြားမှုကို အောက်ပါအတိုင်း တင်ပြအပ်ပါ သည်။

| (ကျပ် ’၀၀၀) | ၂၀၁၆ ဘဏ္ဍာရေးနှစ် |
|---|---|
| ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု | ၉၅,၃၀၄,၂၀၁ |
| ကျန်းမာရေးစောင့်ရှောက်မှု | ၁၁,၉၂၂,၃၂၉ |
| လေကြောင်းလိုင်းဝန်ဆောင်မှု | ၂,၃၄၂,၄၅၃ |
| အိမ်ရာအဆောက်အအုံငှားရမ်းမှုရရှိသောဝင်ငွေ | ၅၄,၀၀၀ |
| အမြတ်ဝေစုရရှိသောဝင်ငွေ | ၄၀၁,၃၀၀ |
| **စုစုပေါင်း** | **၁၁၀,၀၂၄,၂၈၂** |

ယခုနှစ်တွင် ကျွန်တော်တို့၏ အကြမ်းအမြတ်သည် ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၃၈.၈% ရှိရာမှ ယခုနှစ်တွင် ၃၁.၉% သို့ ကျဆင်းခဲ့ပါသည်။ ဤသို့ကျဆင်းရခြင်းမှာ အဓိကအားဖြင့် ဘဏ်လုပ်ငန်းအသိုက်အဝန်းတွင် ယှဉ်ပြိုင်ရခြင်းများကြောင့် ရိုးမဘဏ်သည် ၎င်း၏ အသားတင်အတိုးရငွေ (net interest margin)အား ဖိအားပေးခြင်းခံရသည့် အတိုးစရိတ်မြင့်မားလာခြင်းနှင့် တစ်စုတစ်ပေါင်းတည်းစာရင်းမှ ပယ်ဖျက်ခြင်း မပြုမီ FMI Air မှ အရှုံးများကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု စုစုပေါင်း ကုန်ကျစရိတ်သည် လွန်ခဲ့သည့်နှစ်တွင် ကျပ် ၁၄.၆ ဘီလီယံရှိရာမှ ယခုနှစ်တွင် ကျပ် ၃၆.၄ ဘီလီယံသို့ သိသာစွာတိုးမြင့်လာခဲ့ပါသည်။ ယခုနှစ် အဓိကအားဖြင့် အထက်တွင် တင်ပြထားသလို ၂၀၁၆

ဘဏ္ဍာရေးနှစ်တွင်ကုမ္ပဏီအုပ်စုဖွဲ့စည်းခြင်းပြုရာတွင် ကွဲပြားခြားနားမှုကြောင့် ဖြစ်သည်။ ထို့ပြင် လူ့အရင်းအမြစ် ပေါ်ဆက်လက်အာရုံစိုက်မှုကြောင့် ဝန်ထမ်းများအတွက် အသုံးစရိတ်ပိုမိုများပြားလာခြင်း နှင့် ရန်ကုန်စတော့ အိပ်ချိန်းတွင် ကုမ္ပဏီ၏စာရင်းဝင်ရေးနှင့် ပတ်သက်သည့် ထူးခြားသော ကုန်ကျစရိတ်များကလည်း ယခုနှစ်ကုန် ကျစရိတ်ပိုမိုများပြားစေရန် အကြောင်းရင်းဖြစ်ခဲ့ပါသည်။

အစုစပ်ကုမ္ပဏီများမှ အမြတ်သည် ၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၇၄.၄% သို့ ကျဆင်းခဲ့ရာ ယခုနှစ် တွင် သိသိသာသာ လျော့ကျခဲ့ပါသည်။ ဤသို့ကျဆင်းရခြင်းမှာ အဓိကအားဖြင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အိမ်ခြံမြေဈေးကွက်ရပ်တံ့နေခြင်းကြောင့်ဖြစ်ပြီး ကျွန်တော်တို့၏ အစုစပ်လုပ်ငန်းများအား ထိခိုက်စေခဲ့ပါသည်။ ထိုအတောအတွင်း Thanlyin Estate Development သည် အစုစပ်ကုမ္ပဏီများမှ ကျွန်တော်တို့၏ အမြတ်အစွန်းအား အများဆုံးပေးသူအဖြစ် ဆက်လက်ရှိနေခဲ့ပါသည်။ ၎င်း၏အမြတ်ငွေမှ ကုမ္ပဏီအုပ်စုသို့ အမြတ်ခွဲဝေပေးမှုသည် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၆၈.၃% လျော့ကျခဲ့ပါသည်။ ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အစုစပ်ကုမ္ပဏီ များမှ အမြတ်ငွေများအား အသေးစိတ်ကိန်းဂဏန်းခွဲခြားဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| **အစုစပ်ကုမ္ပဏီ** | **ရင်းနှီးမြှုပ်နှံမှု** | **ကုမ္ပဏီအုပ်စုအသားတင် အမြတ်ငွေခွဲဝေရရှိမှု(ကျပ် '၀၀၀)** |
|---|---|---|
| Thanlyin Estate Development Ltd. | ၃၀% | ၃,၃၆၅,၉၀၄ |
| Meeyahta International Hotel Ltd. | ၂၀.၀% | ၄၆၁,၇၈၀ |
| Chindwin Holdings Pte. Ltd. | ၃၀.၀% | ၁၈၆,၅၂၀ |
| LSC-FMI Co.,Ltd (KrisPLAZA) | ၅၀.၀% | (၁,၅၃၇) |
| Pun Hlaing Link Services Co Ltd. | ၃၀.၀% | (၂,၁၈၉) |
| FMI Garden Development Ltd. | ၄၇.၅% | (၄၉,၄၂၀) |
| **စုစုပေါင်း** | | **၃,၉၆၁,၀၅၈** |

အကြမ်းအမြတ်လျော့ကျလာခြင်းနှင့် အစုစပ်ကုမ္ပဏီများမှ အမြတ်လျော့နည်းလာမှုတို့ကြောင့် လုပ်ငန်းလည်ပတ် ခြင်းများမှ ကုမ္ပဏီအုပ်စု၏ အမြတ်သည် ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၃.၇ ဘီလီယံမှ ၂၀၁၆ ဘဏ္ဍာရေး နှစ် တွင် ကျပ် ၂.၅ ဘီလီယံသို့ ၈၁.၁% လျော့ကျခဲ့ပါသည်။

လုပ်ငန်းလည်ပတ်ခြင်းမှ မဟုတ်သောအမြတ်သည် ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၆၀.၄ ဘီလီယံမှ ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်၇.၉ ဘီလီယံသို့ ၈၆.၉% ကျဆင်းခဲ့ပါသည်။ဤသို့ ကျဆင်းရခြင်းမှာ အဓိကအားဖြင့်၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအား တစ်စိတ်တစ်ဒေသပြန်လည်ဖွဲ့စည်းမှုကြောင့် တစ်ကြိမ်တည်းဖြင့် အမြတ်ငွေ ရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

၂၀၁၆ ဘဏ္ဍာရေးနှစ်လုပ်ငန်းလည်ပတ်ခြင်းမဟုတ်သော ကိစ္စများရသော အမြတ်အစွန်းများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

| | (ကျပ် '၀၀၀) |
|---|---|
| လက်အောက်ခံကုမ္ပဏီများထုခွဲရောင်းချခြင်းမှအမြတ် | ၄,၃၉၇,၆၄၆ |
| ပေးရန်တာဝန်များအားပယ်ဖျက်ခြင်း | ၂,၅၂၆,၀၇၂ |
| ထုခွဲရောင်းချရန်ရည်ရွယ်ထားသောရင်းနှီးမြှုပ်နှံမှုမှအမြတ် | ၈၉၉,၅၅၀ |
| နိုင်ငံခြားငွေလဲလှယ်ခြင်းမှ ကွာခြားငွေအမြတ် | ၁၄၉,၂၂၄ |
| ကုမ္ပဏီပိုင်ပစ္စည်း၊စက်ရုံနှင့် ပစ္စည်းကိရိယာများထုခွဲရောင်းချခြင်းမှအမြတ် | ၁၈,၄၇၃ |
| အောင်မြင်မှုမရှိသောစီးပွားရေးလုပ်ငန်းများစာရင်းမှပယ်ဖျက်ခြင်း | (၇၅,၀၇၈) |
| **စုစုပေါင်း** | **၇,၉၁၅,၈၈၇** |

လက်အောက်ခံကုမ္ပဏီခွဲများအား ထုခွဲရောင်းချခြင်းမှ အမြတ်သည် ကုမ္ပဏီရင်းနှီးမြှုပ်နှံမှု ရုပ်သိမ်းခြင်းနှင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် FMI Air အား တစ်စုတစ်ပေါင်းတည်း စာရင်းမှ ပယ်ဖျက်ခြင်း နောက်ပိုင်းတို့နှင့် သက်ဆိုင်ပါသည်။ သို့ရာတွင် FMI Air ကို အရင်းအတိုင်း ရင်းနှီးမြှုပ်နှံမှုရုတ်သိမ်းခဲ့ရာ ထိုသို့ရုတ်သိမ်းချိန်၌ ၎င်း၏ လက်ရှိပိုင်ဆိုင်မှုများတန်ဖိုးသည် ၎င်း၏ချန်ထားသောအမြတ် နည်းပါးခြင်းကြောင့် ကုန်ကျစရိတ်ထက် သိသိသာသာ လျော့နည်းခဲ့ပါသည်။ ထို့ကြောင့် ကုမ္ပဏီအုပ်စုသည် အဆိုပါ ရင်းနှီးမြှုပ်နှံမှု ရုတ်သိမ်းခြင်းတွင် အမြတ်ငွေ ကျပ် ၄.၃ ဘီလီယံ ရရှိခဲ့ပါသည်။

ပေးရန်တာဝန်များအား ပယ်ဖျက်ခဲ့ခြင်းသည် Yoma Siloam Hospital Pun Hlaing Ltd. (YSHPH)နှင့် ၎င်း၏ ဆက်စပ်ကုမ္ပဏီဖြစ်သည့် Pun Hlaing International Hospital Limited(PHIH) တွင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများအား ပြန်လည်ပြင်ဆင်မှုနှင့် သက်ဆိုင်ပါသည်။ ယင်းကုမ္ပဏီများသည် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများ၌ကျန်းမာရေးဝန်ဆောင်မှု ကဏ္ဍတွင်ပါဝင်ပါသည်။ YSHPH သည် Pun Hlaing Siloam Hospital အား လုပ်ငန်းဆောင်ရွက်သူဖြစ်သည့် အချိန်တွင် PHIH သည် အဆိုပါဆေးရုံ၏ ပိုင်ဆိုင်မှုပစ္စည်းများအား ထိန်းသိမ်းသော ကုမ္ပဏီဖြစ်သည့် YSHPH နှင့် PHIH တို့အား ပေါင်းစည်းခြင်း နှင့် ပြန်လည်ပြင်ဆင်မှုပြီးစီးချိန်တွင် PHIH သို့ ချေးငွေထုတ်ပေးသော အစုရှယ်ယာရှင်တစ်ဦးအနေဖြင့် ရောင်းချသူ၏ ရင်းနှီးမြှုပ်နှံမှုကို PHIH ၏ အစုရှယ်ယာ ရှင်သစ်များသို့ လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်။ ယင်းသို့လွှဲပြောင်းပေးမှုသည် ပေးရန်တာဝန်တစ်ရပ်အား ပယ်ဖျက်ခြင်း ကို မြင့်တက်စေပါသည်။ ဤပေးရန်တာဝန်တစ်ရပ်အားပယ်ဖျက်ခြင်းသည် ကုမ္ပဏီအုပ်စု၏ ဝင်ငွေရှင်းတမ်းတွင် အသားတင်အမြတ်ငွေ ကျပ် ၂.၅ ဘီလီယံကို ကိုယ်စားပြုပါသည်။

ယခုနှစ်အစုစပ်လုပ်ငန်းများမှ အမြတ်ငွေလျော့နည်းခြင်းနှင့်လုပ်ငန်းလည်ပတ်ခြင်း မဟုတ်သောကိစ္စများမှ အမြတ်ငွေလျော့နည်းခြင်းတို့ကြောင့် ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်သည် ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇၃.၁ ဘီလီယံရှိခဲ့ရာမှ ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၈.၉ ဘီလီယံသို့ ၈၇.၈% ကျဆင်းခဲ့ပါသည်။ အလားတူ အစုရှယ်ယာတစ်စုလျှင် ကျပ် ၄၀၇ သို့ ၉၉.၉% သို့ ကျဆင်းခဲ့ပါသည်။ ဤသို့ကျဆင်းရခြင်းမှာ ကုမ္ပဏီဝန်ထမ်းများအား ရှယ်ယာထုတ်ဝေချီးမြှင့်ပေးမည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အစုရှယ်ယာသစ် ၁.၀ သန်းအားထုတ်ဝေရောင်းချခဲ့မှုနောက်ပိုင်း ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြင်ပသို့ အစုရှယ်ယာထုတ်ဝေရောင်းချမှု ပမာဏပိုမိုကြီးမားလာခြင်းမှာ တစ်စိတ်တစ်ပိုင်းပါဝင်ပါသည်။

## ကုမ္ပဏီအုပ်စု၏လက်ကျန်ရှင်းတမ်းအကျဉ်း

| (ကျပ် '၀၀၀) | ၂၀၁၆ | ၂၀၁၅ | ပြောင်းလဲမှု% |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| စုစုပေါင်း လက်ငင်းရပိုင်ခွင့်များ | **၉၄၃,၂၀၈,၄၀၃** | ၅၅၇,၉၁၁,၃၉၇ | ၆၉.၁% |
| စုစုပေါင်လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | **၄၅၇,၉၆၃,၂၀၉** | ၄၀၃,၆၀၃,၃၂၃ | ၁၃.၄% |
| စုစုပေါင်းရပိုင်ခွင့်များ | **၁,၄၀၁,၁၇၁,၆၁၂** | ၉၆၁,၅၁၄,၇၂၀ | ၄၅.၇% |
| **ပေးရန်တာဝန်များ** | | | |
| စုစုပေါင်းလက်ငင်းပေးရန်တာဝန်များ | **၁,၁၂၄,၃၃၆,၁၆၁** | ၇၂၂,၆၄၀,၇၉၅ | ၅၅.၆% |
| စုစုပေါင်းလက်ငင်းမဟုတ်သောပေးရန်တာဝန်များ | **၂၆,၆၆၇,၀၄၃** | ၁၃,၉၁၆,၈၅၆ | ၉၁.၆% |
| စုစုပေါင်းပေးရန်တာဝန်များ | **၁,၁၅၁,၀၀၃,၂၀၄** | ၇၃၆,၅၅၇,၆၅၁ | ၅၆.၃% |
| **ရှင်းနှီးငွေ** | | | |
| စုစုပေါင်းရှင်းနှီးငွေ | **၂၅၀,၁၆၈,၄၀၇** | ၂၂၄,၉၅၇,၁၆၉ | ၁၁.၄% |
| စုစုပေါင်းပေးရန်တာဝန်နှင့်ရှင်းနှီးငွေ | **၁,၄၀၁,၁၇၁,၆၁၂** | ၉၆၁,၅၁၄,၇၂၀ | ၄၅.၇% |

ရိုးမဘဏ်မှ ဖောက်သည်များသို့ ချေးငွေများတိုးမြင့် ထုတ်ချေးခဲ့ခြင်းကြောင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လက်ငင်းရပိုင်ခွင့် များ ၆၉.၁% မြင့်တက်ခဲ့ပါမည်။ ခိုင်မာသော လက်ကျန်ရှင်းတမ်းတစ်ခုအနေဖြင့် ယခုနှစ်တွင် ရိုးမဘဏ်သည် ၎င်း၏ ငွေသားလက်ကျန် တိုးမြင့်လာခဲ့ပါသည်။ လက်ငင်းမဟုတ်သော ရပိုင်ခွင့်များတွင် ၁၃.၆% တိုးတက်လာခြင်းသည် အဓိက အားဖြင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရိုးမဘဏ်မှ အစိုးရငွေတိုက်စာချုပ် (Myanmar treasury bonds) အား ဝယ်ယူခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏လက်ငင်းပေးရန်တာဝန်များ ယခုနှစ်တွင် ကျပ် ၇၂၂.၆ ဘီလီယံမှ ၁.၁ ထရီလီယံထိ သိသိသာသာ မြင့်တက်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၅၅.၆% တိုးမြင့်လာခဲ့ပါသည်။ ဤသို့ တိုးမြင့်လာခြင်းသည် အဓိကအားဖြင့် ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရိုးမဘဏ်၌ ထူးထူးကဲကဲအပ်နှံငွေ တိုးတက်လာမှုကြောင့် ဖြစ်ပါသည်။ ယခုနှစ် လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ ကျပ် ၁၃.၉ ဘီလီယံမှ ၂၆.၆ ဘီလီယံမြင့်တက်လာခြင်းသည် အဓိက အားဖြင့် ဤကုမ္ပဏီ၊ Thanlyin Estate Development နှင့် Serge Pun & Associates(Myanmar)Ltd. တို့ အကြားနည်းလမ်းသုံးသွယ်ဖြင့် အထောက်အကူပေးမည့် သဘောတူညီချက်တစ်ရပ်အား လက်မှတ်ရေးထိုးခဲ့ ကြပြီးနောက် အပြန်အလှန်ပေးရန်တာဝန်များကြောင့် ဖြစ်ပါသည်။

၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၌ ရှင်းနှီးငွေ ကျပ် ၂၂၄.၉ ဘီလီယံမှ ကျပ် ၂၅၀.၁ ဘီလီယံသို့ တိုးမြင့် လာခဲ့ခြင်းသည် ဗဟိုဘဏ်မှ သတ်မှတ်ပြဋ္ဌာန်းမှုဖြင့် ရိုးမဘဏ်၏ မတည်ရင်းနှီးငွေသီးသန့်ထားမှု တိုးမြင့်လာ ခြင်း၊ ရိုးမဘဏ်၌ရင်းနှီးငွေတိုးမြင့်လာခြင်းကြောင့် အစုရှယ်ယာသစ်များ ထုတ်ဝေရောင်းချခြင်း နှင့် ဘဏ္ဍာရေး နှင့် လုပ်ငန်းမူဝါဒအား ထိန်းချုပ်ခွင့်မရှိသော ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ကုမ္ပဏီအုပ်စု၏ ငွေသားစီးဆင်းမှုရှင်းတမ်းအကျဉ်းချုပ်**

| (ကျပ် '၀၀၀) | **၂၀၁၆** | ၂၀၁၅ |
|---|---|---|
| လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများမှရရှိသောငွေသား | **၉၃,၁၃၆,၁၅၇** | ၇၄,၁၂၅,၃၂၄ |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များ(အသုံးပြုထားသော)ငွေသား | **(၅၉,၆၁၂,၄၅၇)** | ၁၇,၉၀၁,၉၂၆ |
| ဘဏ္ဍာရေးလုပ်ငန်းများလုပ်ဆောင်ချက်များမှ ရရှိသောငွေသား | **၂၅,၁၀၃,၁၆၃** | ၃၅,၈၀၉,၇၄၈ |
| ငွေသားအသားတင်အတိုးနှင့် ဘဏ်လက်ကျန် | **၅၈,၆၂၇,၈၆၃** | ၁၂၇,၈၃၆,၉၉၇ |
| ဘဏ္ဍာရေးနှစ်စရှိငွေသားနှင့်ဘဏ်လက်ကျန် | **၁၂၉,၀၁၄,၃၂၀** | ၁,၁၇၇,၃၂၃ |
| ဘဏ္ဍာရေးနှစ်ကုန်ရှိငွေသားနှင့်ဘဏ်လက်ကျန် | **၁၈၇,၆၄၂,၁၈၃** | ၁၂၉,၀၁၄,၃၂၀ |

ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက် နေ့ရှိ ကျပ် ၁၂၉.၀ ဘီလီယံ နှင့် နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကျပ် ၁၈၇.၆ ဘီလီယံတွင် ရှိပါသည်။ ရိုးမဘဏ်သည် ကုမ္ပဏီအုပ်စုငွေသားစီးဆင်းမှုရှင်းတမ်းနှင့် ပတ်သက်၍ အစီရင်ခံတင်ပြထားသည့် ငွေသားအများစုအား ကိုယ်စားပြုထားပြီး ၎င်း၏ ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေသားအပ်နှံမှုတိုးတက်မှုသည် ၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းလည်ပတ်မှုများမှ ရရှိသောငွေသားစီးဆင်းမှုတွင် ၂၅.၆% ထိ တိုးတက်စေခဲ့ပါသည်။ ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုထားသည့် ငွေသား ၅၉.၆ ဘီလီယံသည် ရိုးမဘဏ်မှ အဓိကအားဖြင့် အစိုးရငွေတိုက်စာချုပ်များ (Myanmar Treasury Bonds) ဝယ်ယူထားခြင်းကြောင့် ဖြစ်ပါသည်။ ဘဏ္ဍာရေးလုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိသော ငွေသားကျပ် ၂၅.၁ ဘီလီယံမှာ အဓိကအားဖြင့် ကုမ္ပဏီ၏ ဘန်ကောက်ဘဏ်မှ ချေးငွေလက်ခံရရှိမှုနှင့် လုပ်ငန်းလည်ပတ်မှုများမှ မဟုတ်သော မတည်ရင်းနှီးငွေထည့်ဝင်မှုများ နှင့် သက်ဆိုင်ပါသည်။

**အနာဂတ်မျှော်မှန်းချက်**

ယခုနှစ်ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခဲ့ခြင်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ရှင်းလင်းပြတ်သားစွာ အာရုံစိုက်ထားသော "မဏ္ဍိုင်သုံးရပ်" မဟာဗျူဟာကြောင့် FMI သည် လာမည့်နှစ်များတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အမြတ်ထုတ်ရန် အကောင်းဆုံးအနေအထားတွင် ရှိနေပါသည်။

ဘဏ္ဍာရေးနှစ်ဝန်ဆောင်မှုကဏ္ဍတွင် ရိုးမဘဏ်သည် ၎င်း၏ အပ်နှံငွေ၊ ချေးငွေနှင့် ဈေးကွက်ဝေစုတို့တွင် တိုးတက်လာခြင်းနှင့် တစ်ချိန်တည်းမှာပင် တိုးတက်မှု အခြေခံအုတ်မြစ်ဖြစ်သည့် အုပ်ချုပ်မှုကောင်းမွန်ခြင်း နှင့် နည်းပညာတို့အပေါ်တွင် အာရုံစိုက်လျက်ရှိခြင်းတို့ကြောင့် ကျွန်တော်တို့အနေဖြင့် ရိုးမဘဏ်မှ ဆက်လက် တိုးတက်မှုအား မြင်တွေ့ရမည်ဟု မျှော်လင့်ထားပါသည်။ "Wave Money" ၏ ဝန်ဆောင်မှုနှင့် ၎င်း၏ မိုဘိုင်းဖုန်း ဖြင့် ငွေလွှဲပြောင်းနိုင်သောပြောင်းလဲမှုအစီအစဉ်ကိုလည်းမျှော်လင့်ထားပါသည်။ တယ်လီနောတွင် ခိုင်မာသော စီးပွားဖက်တစ်ဦးအနေဖြင့် ဤဝန်ဆောင်မှုလုပ်ငန်းသည် အလွန်အလားအလာကောင်းလျက်ရှိပါသည်။

အိမ်ခြံမြေကဏ္ဍ၌ ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဈေးကွက်စိန်ခေါ်မှု အခြေအနေမှ ပြန်လည်ကောင်းမွန်လာသည်ကို ကျွန်တော်တို့မြင်တွေ့ခဲ့ကြပြီးဖြစ်ပါသည်။ Star City အိမ်ရာတည်ဆောက်ရေးသည် ရန်ကုန်မြို့တွင် အခြား အိမ်

ရာများနှင့် မတူသောလူနေမှုပုံစံကို စီစဉ်ပေးထားရာ ၎င်းအိမ်ရာ၏တမူထူးခြားသော လူမှုဝန်းကျင်သည် ပြည်ပဈေးကွက် အခြေအနေကို ထည့်သွင်းမစဉ်းစားပါက ဂယ်လိုအားကိုဆက်လက် ဆွဲဆောင်နေလိမ့်မည် ဖြစ်ပါ သည်။ ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အခွင့်အရေးပိုမိုကောင်းမွန်သော အိမ်ရာအဆောက်အအုံဈေးကွက် အခြေ အနေကြောင့် လာမည့်နှစ်တွင် ကျွန်တော်တို့၏ အိမ်ရာအဆောက်အအုံ အစုစပ်လုပ်ငန်းမှ ဝင်ငွေပိုမိုရရှိမည်ဟု မျှော်လင့်ထားပါသည်။

ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍသည် အထူးသဖြင့် မြန်မာနိုင်ငံတွင် ပြောင်းလဲလျက်ရှိသော မွေးဖွားခြင်း၊ သေ ဆုံးခြင်း၊ ရောဂါဖြစ်ပွားခြင်းစသည့်တို့အား လေ့လာမှုများနှင့် မြန်မာနိုင်ငံ၏ လူတစ်ဦးချင်းနှင့် ဆေးရုံခုတင် ဦးရေတို့နှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက် ထက်နည်းပါးခြင်းတို့ကြောင့် ပိုမိုအလားအလာကောင်းမွန်လျက်ရှိသည် ဟု ကျွန်တော်တို့ ဆက်လက်ယုံကြည်ပါသည်။ ပန်းလှိုင်စီလုံဆေးရုံသည် လက်ရှိအထောက်အကူပြု ပစ္စည်းကိရိယာများ၏ အချိန်တိုတိုနှင့် အကျိုးများသောလုပ်ငန်းဆောင်ရွက်မှုဖြင့်ပေါင်းစပ်၍ ၎င်း၏ နိုင်ငံတစ်ဝန်း ဆေးရုံ တိုးချဲ့ခြင်း မဟာဗျူဟာကို ဆက်လက်လက်လုပ်ကိုင်ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လာမည့် နှစ်များ တွင် ဤမဟာဗျူဟာ၏ အကျိုးရလဒ်များကို ကျွန်တော်တို့ မျှော်လင့်ထားပါသည်။

အခြားသောစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းသစ်များကိုလည်း ကျွန်တော်တို့ အနေဖြင့် ဆက်လက်ဖော်ထုတ်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံစီးပွားရေးသည် ဆက်လက်တိုးတက်လာသည် နှင့် အမျှ အလားအလာသစ်များစွာမှာ ပေါ်ပေါက်လာမည် ဖြစ်ပါသည်။ အစုရှယ်ယာရှင်များ အတွက် တန်ဖိုးများ နိုင်သမျှများများရရှိနိုင်စေရန် ကျွန်တော်တို့သည် လုပ်ငန်းကဏ္ဍသစ်များကိုလည်း ဆက်လက်ရှာဖွေ ဖော်ထုတ် သွားမည် ဖြစ်ပါ သည်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm